ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

## National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

# ပူတာအိုမြို့နယ်


၂၀၁၉ ခုနှစ်

ဆာရ်ခွမ်ဒမ်းအုပ်စု၊ ပင်စင်ကျေးရွာ

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မြို့နယ်မြေပုံ | ၃ |
| ၂ | ကျေးရွာမြေပုံ (တည်နေရာ) | ၄ |
| ၃ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၄ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၅ |
| ၅ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၆ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်များ<br><br>(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၇-၈ |
| | (ခ) ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၉ |
| | (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၀-၁၁ |
| | (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၂ |
| | (င) ရာသီခွင်ပြပြက္ခဒိန် | ၁၃-၁၄ |
| | (စ) ဗင်းပုံစံ | ၁၅-၁၆ |
| | (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ | ၁၇-၁၈ |
| | (ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး) | ၁၉ |
| | (ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | ၂၀ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၂၁ |
| ၈ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၂-၂၇ |
| ၉ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၈-၃၁ |
| ၁၀ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၂-၃၆ |
| ၁၁ | အစည်းအဝေးမှတ်တမ်းများ | ၃၇ |
| ၁၂ | ကဏ္ဍအလိုက် လုပ်ငန်းအချုပ်ဇယား | ၃၈ |

### ၁။ မြို့နယ်မြေပုံ



ပူတာအိုမြို့နယ် အခြေပြမြေပုံ
N
W
E
S
ပူတာအိုမြို့နယ်
ပူတာအိုခရိုင်
ကချင်ပြည်နယ်
စကေး ၁ လက်မ = ၄ မိုင်
အိန္ဒိယနိုင်ငံ
မချမ်းဘောမြို့နယ်
တနိုင်းမြို့နယ်
ဆွမ်ပရာဘွမ်မြို့နယ်
ရည်ညွှန်းချက်
၁။ နိုင်ငံတော်နယ်နိမိတ်
၂။ မြို့နယ် နယ်နိမိတ်
၃။ မြို့ / ကျေးရွာခြားနယ်နိမိတ်
၄။ မြို့ / ကျေးရွာအုပ်စု
၅။ မြစ် / ချောင်း

## ၂။ ကျေးရွာမြေပုံ (တည်နေရာ)




## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ဆာရ်ခွမ်ဒမ်းကျေးရွာအုပ်စုရှိ ကျေးရွာများမှာ-

၁။ ဆာရ်ခွမ်ဒမ်းကျေးရွာ

၂။ ပင်စင်ကျေးရွာ

၃။ စာရိတ္တကျေးရွာ

၄။ မလိဒီကျေးရွာ

၅။ ထဝါဒမ်းကျေးရွာ

၆။ ဂျူဗလီကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ပင်စင်ကျေးရွာ သမိုင်းအကျဉ်း

ပင်စင်ကျေးရွာသည် နိုင်ငံတော် စစ်မှုထမ်းဟောင်း၊ အငြိမ်းစားများ စုစည်းညှိနှိုင်းကာ (၁၉၅၅)ခုနှစ်တွင် ဦးဆလွတ်ထဒီး(လန်ဒန်ပြန်) မှ ရွာသူကြီးအဖြစ် ဦးဆောင်ကာ အဖွဲ့သားများနှင့် အတူစည်းစည်းလုံးလုံး သဘောတူညီစွာဖြင့် တည်ထောင်ခဲ့ပါသည်။ ရွာ၏နာမည်မှာ ပင်စင်စားများ နေထိုင်ရန် ရည်ရွယ်ကာ (ပင်စင်ရွာ) ဟုခေါ်ဝေါ်ခဲ့ပါသည်။ ယခုအချိန်အထိ ထိုအမည်နာမကို ခေါ်ဝေါ်ကျင့်သုံးလာခဲ့ပါသည်။ ထိုသို့အားဖြင့် (၁၅)နှစ်ခန့်ကြာသောအခါ ကလေးများပညာရေးနောင့်နေးမှုရှိသောကြောင့် အထက်ပါလူကြီးမင်းများ ဆွေးနွေးတိုင်ပင်ရာမှ လူထုအစည်းအဝေးခေါ်ယူကာ အစည်းအဝေးဆုံးဖြတ်ချက်အရ (၃)တန်းအထိ ကိုယ်ပိုင်ကျောင်းအား (၁၉၇၀)ခုနှစ်တွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖွင့်လှစ်ပြီး ကလေးများပညာ သင်ယူခဲ့ကြပါသည်။ ထိုနောက် (၆)နှစ်အကြာတွင် နိုင်ငံတောင်အစိုးရထံမှ အစိုးရမူလတန်းကျောင်း တစ်ခုအဖြစ် ကိုယ်ပိုင်ကျောင်းမှအဆင့်တိုးကာ ဖွင့်လှစ်ထားပေးခဲ့ရာ ကလေးများ ပညာသင်ယူရေးတွင် အဆင်ပြေခဲ့ပါသည်။ သို့သော်လည်း ကျေးရွာလူထုများ၏ နေရေး၊ စားရေး၊ ဝတ်ရေးမှာ အလွန်ခက်ခဲ ဆင်းရဲနွမ်းပါးမှုနှင့်သာ ရင်ဆိုင်အသက်ရှင်လာခဲ့ရပါသည်။ ထိုအချိန်ကာလသည် လုံးဝ လူနေမှု မဖွံ့ဖြိုးမတိုးတက်တဲ့ကာလ အချိန်တစ်ခုကို ရင်ဆိုင်ဖြတ်သန်း လာခဲ့ရပါသည်မှာ ရွာသူရွာသားများအနေနဲ့ မမေ့နိုင်စရာကောင်းလှပေသည်။ သို့သော်လည်းဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ မဖွံ့ဖြိုးမတိုးတက်သော ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် မေတ္တာသဘောဆောင်ကာ နိုင်ငံတောင်အစိုးရ၏ ခွင့်ပြုချက်ရှိသည်နှင့် အညီ ကမ္ဘာ့ NGO အဖွဲ့များဖြစ်သည့် (၁)World Concren (၂)UNDP (၃)မေတ္တာဖောင်ဒေးရှင်း အဖွဲ့များမှ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ နည်းပညာသင်တန်းပေးခြင်း၊ ရွာ၏စီမံကိန်း အကြီးအငယ်များအတွက် လုံလောက်သော အထောက်ပံ့ငွေများ ပေးအပ်ကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခါအားလျော်စွာ အချိန်ကုန်ခံနစ်နာခံပြီး စေတနာရှိရှိ ကူညီထောက်ပံ့ခဲ့သော နိုင်ငံတော်အစိုးရအဖွဲ့နှင့် လူမှုအဖွဲ့အစည်းများကို ကျေးရွာသူ/သားများအနေဖြင့် ဝမ်းသာပီတိဖြစ်ကြောင်း ရွာ၏သမိုင်းအကျဉ်းတွင် ထည့်သွင်းရေးသား မှတ်တမ်းတင်အပ်ပါသည်။

ထိုသို့ ပံ့ပိုးရာမှ အိမ်တိုင်းသည် ယင်လုံသော ယင်လုံအိမ်သာများ တည်ဆောက်နိုင်ရေးနှင့် ကွန်ကရစ်ရေတွင်းများ ရရှိကာ သန့်ရှင်းရေးကို သောက်သုံးနိုင်ခဲ့ပါသည်။ ကျန်းမာရေးလည်းကောင်းမွန် လာခဲ့ပါသည်။ အရင်အခြေအနေနှင့် ယခုအခြေအနေမှာ မတူတော့ဘဲ လူနေမှုတိုးတက်လာခဲ့သည်မှာ မျက်မြင်ထင်ရှားလာခဲ့သည်။ ကျေးရွာ၏ ရှေ့ဆက်အနာဂတ်အတွက် ပိုမိုပြီး တိုးတက်အောင်မြင်စေချင်တဲ့ နိုင်ငံတော် အစိုးရအဖွဲ့နှင့် အတူ လူမှုအဖွဲ့အစည်းများကို ကျေးရွာလူထုများအားလုံးလည်း ဝမ်းပန်းတသာ ကြိုဆိုလျက်ရှိကြောင်းနှင့် ကျေးရွာ၏ အထုပတ္တိဖြစ်သော သမိုင်းအကျဉ်းရေးသားပြုစုခြင်းအား နိဂုံးချုပ်အပ်ပါသည်

# ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၇-၃-၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | 8 | 16 | 24 | အိမ်များ၊ အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများနှင့် နယ်နမိတ်များ။ |
| ၂ | ဉစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၇-၃-၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | 9 | 16 | 25 | ကွဲပြားသောလူမှုစီးပွားရေးအမျိုးအစားများ၊ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူကွဲပြားသောအသုံးပြုခွင့်နှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၇-၃-၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | 8 | 16 | 24 | အမျိုးသမီးများနှင့် အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု (သို့) အရင်းအမြစ်များ၏ ဦးစားပေးများနှင့် လိုအပ်ချက်များကွဲပြားခြားနားခြင်း။ |
| ၄ | ရာသီခွင်ပြပြက္ခဒိန် | ၇-၃-၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | 9 | 16 | 25 | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း၊ အစားအစာရရှိမှုများနှင့် ပွဲတော်များ။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၇-၃-၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | 17 | 32 | 49 | အမျိုးသားများနှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ။ |
| ၆ | ဗင်းပုံစံ | ၇-၃-၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | 9 | 16 | 25 | ကျေးရွာအတွင်းနှင့်ပြင်ပရှိအဖွဲ့အစည်းများ မည်ကဲ့သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်မှု။ |


## (က) လူမှုရေးအရင်းအမြစ်ပြမြေပုံ



## လူမှုရေးအရင်းအမြစ်ပြမြေပုံဆွေးနွေးဆန်းစစ်ခြင်းနှင့်သုံးသပ်ခြင်း

ပင်စင်ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ ဆန်စပါးစိုက်ပျိုးခြင်း ဖြစ်ပါသည်။ ထိုအပြင် ရာသီပေါ် သီးနှံများလည်း စိုက်ပျိုးကာ အသက်မွေးဝမ်းကြောင်း လျက်ရှိပါသည်။ ကျေးရွာပိုင်သစ်တော ဧရိယာများများစွာရှိ ပြီး အိမ်ခြေ နည်းပါးခဲ့သည်။ သို့သော် ယခုအခါ အိမ်ခြေများကာ လူဦးရေတိုးလာသောကြောင့် သစ်တောဧရိယာများ ကျဉ်းမြောင်းလာခဲ့သည်။ ဤကျေးရွာသည် ပူတာအို - မချမ်းဘော လမ်းမပေါ်တွင်တည်ရှိပြီး အဓိကအားဖြင့် ချမ်းသာသောအိမ်ထောင်စု အများစုမှာ လမ်းမကြီးဘေးတွင်နေထိုင်လျက်ရှိသည်။ စားဝတ်နေရေးမပြေ လည်သောမိသားစုများသည် အများအားဖြင့် ရွာစွန်ပိုင်းနှင့်လမ်းမကြီးနှင့်ဝေးသောအရပ်များတွင် နေထိုင်ကြသည်။ လူနည်းစု တစ်အိမ်ထောင်ရှိသော်လည်း လူမျိုးဘာသာမခွဲခြားဘဲ အတူတကွစုစည်း နေထိုင်ကြပါသည်။ ကျေးရွာမှ ပြောင်းရွှေ့သူမှာ မရှိသလောက်နည်းပါးပြီး ကျေးရွာတွင်းလာရောက်နေထိုင်သူများလည်းမရှိပါ။ ပင်စင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ရန်လိုအပ်သော လုပ်ငန်းများမှာ ရွာတွင်းလမ်း၊ ရေတွင်း၊ စာသင်ကျောင်း၊ အားကစားကွင်း နှင့် ကျောင်းခြံစည်းရိုးတို့ဖြစ်သည်။ အသစ်ဆောက်လုပ်ရန်လိုအပ်သော လုပ်ငန်းများမှာ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျောင်းအိမ်သာ၊ မူကြိုကျောင်း၊ ရေစုကန် နှင့် ခန်းမဆောင်တို့ဖြစ်သည်။ ပင်စင်ကျေးရွာရှိ ကျေးရွာလူထုအားလုံးသည် စည်းလုံးညီညွတ်စွာနေထိုင်ကာ ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေး အတွက် မိမိတတ်စွမ်းသမျှ ကိုဆောင်ရွက်နေသူများဖြစ်သည်ဟု သုံးသပ်မိပါသည်။

## (ခ) ဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း



ဥစ္စာဓန ကြွယ်ဝမှု

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ပျဉ်ခင်း ၊ ပျဉ်ထောင်အိမ် သွပ်မိုး ၊ လယ်ထွန်စက် ၊ ကျွဲ/နွား (၁၀)ကောင် ၊ လက်တွန်းထွန်စက် ၊ သုံးဘီး ဆိုင်ကယ် (၃)စီး ၊ နွားလှည်း ၊ ချိန်းစော ၊ ဝါးရုံပိုင် ၊ သစ်တောပိုင် | ၁၁ | ၁၉% |
| အလယ်အလတ် | ပျဉ်ထောင်သွပ်မိုးအိမ် ၊ ကျွဲ/နွား (၃)ကောင် ၊ နွားလှည်း ဆိုင်ကယ် (၁)စီး ၊ လယ်ရှိ ၊ တောင်ယာ ၊ သင်းကောခြံ အပ်ချုပ်စက် ၊ ကြက်/ဝက် ၊ | ၁၈ | ၃၂% |
| ဆင်းရဲ | ဝါးထရံကာ ၊ လယ် ၊ ကျွဲ/နွား (၁)ကောင် ၊ ကြက်/ဝက် ဆိုင်ကယ် ၊ တောင်ယာ ၊ | ၂၀ | ၃၅% |
| အလွန်ဆင်းရဲ | ဝါးအိမ် ၊ ကြက်/ဝက် ၊ နေ့စားအလုပ် ၊ | ၈ | ၁၄% |
| | စုစုပေါင်း | ၅၇ | ၁၀၀% |

**ဉစ္စာဓနကြွယ်ဝမှုအဆင့်ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ပင်စင်ကျေးရွာတွင် အိမ်ထောင်စု (၅၇) အိမ်ရှိပါသည်။ ဤကျေးရွာ တွင် ဉစ္စာဓနကြွယ်ဝမှု ၌အဆင့် လေးဆင့် ရှိကြောင်းဆွေးနွေးခဲ့ကြသည်။ ၎င်းအဆင့်များမှာ ချမ်းသာသောအိမ်ထောင်စု၊ အလယ်အလတ်၊ ဆင်းရဲ နှင့် အလွန်ဆင်းရဲ အဆင့်တို့ဖြစ်ကြသည်။ ချမ်းသာသောအိမ်ထောင်စု(၁၁)စုရှိပြီး ၎င်းတို့တွင် ပျဉ်ခင်းပျဉ်ထောင်အိမ်၊ သွပ်မိုး ၊လယ်ထွန်စက်၊သုံးဘီး၊ ဆိုင်ကယ်(၃)စီး၊ နွားလှည်း၊ ချိန်းစော၊ ဝါးရုံတောနှင့် သစ်တော စသည်တို့ ပိုင်ဆိုင်ကြကြောင်းဆွေးနွေးကြသည်။ အလယ်အလတ်အဆင့်တွင်ပျဉ်ထောင်သွပ်မိုးအိမ်၊ ကျွဲ/နွား(၃)ကောင်၊နွားလှည်း၊ ဆိုင်ကယ်(၁)စင်း၊ လယ်၊တောင်ယာ၊ သင်းကောခြံ၊ အပ်ချုပ်စက် နှင့် ကြက်/ဝက် စသည်တို့ ပိုင်ဆိုင်ကြပြီး အိမ်ထောင်စု(၁၈)အိမ်ရှိကြောင်းဆွေးနွေးခဲ့ကြသည်။ ဆင်းရဲ အဆင့်တွင် အိမ်ထောင်စု(၂၀) အိမ်ရှိသည်။၎င်းအဆင့်တွင် ဝါးထရံကာ။ လယ်၊ကျွဲ/နွား(၁)ကောင်၊ တောင်ယာ၊ ဆိုင်ကယ် နှင့် ကြက်/ဝက်တို့ကိုပိုင်ဆိုင်ကြသည်။ အလွန်ဆင်းရဲအဆင့်တွင် ဝါးအိမ်၊ ကြက်/ဝက် တို့သာ ပိုင်ဆိုင်ကြကြောင်း ဆွေးနွေးကြသည်။ အိမ်ထောင်စု (၆)အိမ်ရှိပြီး ၎င်းတို့သည် ကြုံရာကျပန်းအလုပ်များကိုသာလုပ်ဆောင်ကြသည်။ ကျေးရွာရှိ ဆင်းရဲအဆင့်နှင့် အလွန်ဆင်းရဲအဆင့် များအားကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်စေကာ လုပ်အားခများ ရရှိခံစားစေခြင်းအားဖြင့် ၎င်းတို့၏ စားဝတ် နေရေး အဆင်ပြေလာမည်ဟု သုံးသပ်မိပါသည်။

## (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း




**ပိုင်ဆိုင်မှုသုံးသပ်ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

ပင်စင်ကျေးရွာ ၏ပိုင်ဆိုင်မှုသုံးသပ်မှုအပေါ် အရင်းအမြစ် (၂၅) မျိုးအားအခြေခံကာ လေ့လာဆွေးနွေးခဲ့ကြသည်။ ၎င်းတို့မှာ လယ်ထွန်စက်၊ လက်တွန်းထွန်စက်၊ မြက်ရိတ်စက်၊ သုံးဘီး ၊ချိန်းစော၊စက်လှေ၊ဆန်စက်၊ အပ်ချုပ်စက်၊ ဖျာယက်စင်၊ ယက်ကန်းစင်၊ ဆိုင်ကယ်၊ တောင်ယာ၊ လယ်ယာမြေ၊ သစ်သီးခြံ၊ sky net ၊ ရေတွင်း၊ သင်းကောခြံ၊ နွားလှည်း၊ ဝါးရုံတော၊ ကျွဲ/နွား၊ စက်ဘီး၊ စာသင်ကျောင်း၊ ဖုန်း၊ ဗီဒီယို၊ နှင့် ကြက်/ဝက်မွေးခြင်း အစရှိသည်တို့ဖြစ်သည်။

အမျိုးသမီးသီးသန့်သုံးသောအရင်းအမြစ်များမှာ အပ်ချုပ်စက်၊ ဖျာယက်စင် နှင့် ယက်ကန်းစင်တို့ဖြစ်ကြသည်။ အမျိုးသား နှင့် အမျိုးသမီး အတူတကွ အသုံးပြုသော အရင်းအမြစ်များမှာ ဆိုင်ကယ်၊ တောင်ယာ၊ လယ်ယာမြေ၊ သစ်သီးခြံ၊ sky net ၊ နွားလှည်း၊ ဝါးရုံတော၊ သင်းကောခြံ၊ ရေတွင်း၊ ကျွဲ/နွား၊ စက်ဘီး၊ စာသင်ကျောင်း၊ ဖုန်း၊ ဗီဒီယို၊ နှင့် ကြက်/ဝက်မွေးခြင်း စသည်တို့ဖြစ်သည်။ အမျိုးသားသီးသန့်သုံးသော အရင်းအမြစ်များမှာ လယ်ထွန်စက်၊ လက်တွန်းထွန်စက်၊ မြက်ရိတ်စက်၊ သုံးဘီး ၊ ချိန်းစော၊ စက်လှေ နှင့် ဆန်စက် စသည်တို့ဖြစ်သည်။

အရင်းအမြစ်များထိန်းချုပ်ရာတွင်မှု အရင်းမမြစ်များ၏ (၂၈%)သည်အမျိုးသားနှင့်အမျိုးသမီးအတူတကွ ထိန်းချုပ်လျက်ရှိပြီး (၁၂%)သည် အမျိုးသမီးသီးသန့် ထိန်းချုပ်ကြသည်။ အရင်းအမြစ်၏ (၆၀%) အား အမျိုးသားများသာထိန်းချုပ်ကြောင်းဆွေးနွေးခဲ့ကြသည်။ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်တက်လာစေရန် အတွက် အမျိုးသားများမှ လက်တွဲခေါ်ပေးရုံသာမက အမျိုးသမီးများအား စွမ်းဆောင်းရည် မြှင့်တင်ပေးသောပွဲများ ကျင်းပပေး ရန်လို အပ်ကြောင်း ဆွေးနွေးသုံးသပ် ခဲ့ကြပါသည်။

## (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း




## ပင့်ကူအိမ်သုံးသပ်ခြင်း ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ပင်စင်ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ခြင်းအား အခန်းကဏ္ဍ (၈)ခု ဖြင့်ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ ၎င်းတို့မှာ အိမ်မှုကိစ္စဆောင်ရွက်ခြင်း၊ ဝင်ငွေရှာဖွေနိုင်မှု၊ ဥစ္စာပစ္စည်းပိုင်ဆိုင်မှု၊ ပညာသင်ယူနိုင်မှု၊ မိသားစုတွင်ဦးဆောင်နိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊လူမှုရေးကိစ္စတွင်းပူးပေါင်းပါဝင်ခြင်းနှင့် လူမှုရေးကိစ္စတွင်ဆုံးဖြတ်ချက်ချနိုင်မှုတို့ဖြစ်သည်။ ဆွေးနွေးချက်ရမှတ်များအရ အမျိုးသမီးများသည် ပညာသင်ယူနိုင်မှုနှင့် ဥစ္စာပစ္စည်းပိုင်ဆိုင်မှုတွင်သာ အမျိုးသားများနှင့် တန်းတူရှိကြောင်းတွေ့ရသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စဆောင်ရွက်နိုင်မှုနှင့် လူမှုရေးကိစ္စများတွင်ပူးပေါင်းပါဝင်မှုတွင် အမျိုးသားများထက်သာ နေကြောင်း ဆွေးနွေးခဲ့ကြသည်။ သို့သော် အမျိုးသမီးများသည် ကျန်အခန်းကဏ္ဍများတွင်အမျိုးသားများ သာနေကြောင်းဆွေးနွေးခဲ့ကြသည်။အမျိုးသမီးများ နိမ့်ကျရခြင်းအကြောင်းမှာ ရိုးယာဓလေ့ထုံးစံ၊ ဘာသာရေး အဆုံးအမများနှင့် ယဉ်ကျေးမှုအစဉ်အလာ များကြောင့် ဖြစ်သည်ဟု သုံးသပ်ဆွေး နွေးခဲ့ကြပါသည်။ အမျိုးသမီးများအား အလုပ်အကိုင်အခွင့်လမ်း ဖန်တီးပေးခြင်း နှင့် လုပ်အားခများ တန်းတူပေးချေ ပါက ၎င်းတို့တွင်ဝင်ငွေရရှိလာပြီး မိမိကိုယ်ကို ယုံကြည်မှုရှိကာ အမျိုးသားများနည်းတူ စွမ်းဆောင်ရည်များရရှိလာမည်ဟု သုံးသပ်မိပါသည်။

(င) ရာသီခွင်ပြပြက္ခဒိန်



## ရာသီခွင်ပြပြက္ခဒိန် ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်

ပင်စင်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် အား အခန်းကဏ္ဍ (၈)ခု ဖြင့် ဆွေးနွေးခဲ့ကြပါသည်။ ၄င်းတို့မှာ ရာသီဥတု၊ လမ်းပန်းဆက်သွယ်ရေး ၊ ကျန်းမာရေး ၊ သောက်သုံးရေရရှိမှု ၊ စိုက်ပျိုးရေး ၊ ရာသီပွဲတော် ၊ ဝင်ငွေ နှင့် ထွက်ငွေ တို့ဖြစ်သည်။ ရာသီဥတုအခြေနေမှာ မေလ အလယ် မှ စက်တင်ဘာလအထိ မိုးများသောကြောင့် ထိုကာလ၌ ဆန်စပါးအား စိုက်ပျိုးကြသည်။ ကျန်ကာလ များတွင်ရာသီပေါ် သီးနှံများစိုက်ပျိုးကြသည်။ မိုးကာလ၌ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲပြီး ခြေကျသွေ့ရာသီတွင် သွားလာရအဆင်ပြေသည်။ သောက်သုံးရေ များစွာရှိ သော် လည်း သန့်ရှင်းသောရေသန့် မလုံလောက်သောကြောင့် ဝမ်းပျက်ဝမ်းလျှော မကြာခဏ ဖြစ်တတ်သည်။ ရာသီပွဲတော် ရက်များသည် အထူးသဖြင့် ဧပရယ်လ၊ အောက်တိုဘာလ နှင့် ဒီဇင်ဘာလတို့ ့တွင် ပြုလုပ်ကြသည်။ အများအားဖြင့် ဝင်ငွေနှင့်ထွက်ငွေ မျှတမှု ရှိသည်။ သို့ ့သော် စပါးစိုက်သောကာလတွင် ထွက်ငွေများသည်။ စပါးရိတ်သိမ်းပြီး ကာလ တွင်လည်း အမျိုးသား အများစုသည် ရပ်ဝေး၌ ငွေရှာထွက်လျက်ရှိပြီး အမျိုးသမီးများသာ ကျေးရွာတွင်ရှိနေကြောင်း ဆွေးနွေးခဲ့ကြသည်။ ဤဆွေးနွေးချက်များအရ ကျေးရွာလူထုအများဆုံးရှိသောအချိန် တွင် စီမံကိန်းလုပ်ငန်းများ ဆောင် ရွက်သင့် ကြောင်းသုံးသပ်မိပါသည်။ ထိုမျှသာမက အမျိုးသမီးများသည်အချိန်ပြည့် ကျေးရွာ၌တည်ရှသောကြောင့် ၎င်းတို့၏ စွမ်းဆောင် ရည်များ မြှင့်တင်ပေးပါက  ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၌ သာမက အခြားသော ကဏ္ဍများတွင် လည်း အမျိုးသားများ နည်းတူ ဆောင်ရွက်လာနိုင်မည် ဟုသုံးသပ်ခဲ့ကြပါသသည်။

(စ)ပင်းပုံစံ






**ဗင်းပုံစံ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**


ပင်စင်ကျေးရွာရှိအတွင်းရှိအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ ကျောင်းကော်မတီ၊ မြစိမ်းရောင်၊ လူထုဗဟုပြုကော်မတီ၊ ကျန်းမာရေးကော်မတီအဖွဲ့၊ UNDP၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊နှင့် စသည် တို့ဖြစ်သည်။ ကျေးရွာပြင်ပမှ ချိတ်ဆက်လာသောအဖွဲ့အစည်း များမှာ မြို့နယ်ထွေအုပ်၊ ဘာသာရေး၊ ပညာရေးဌာန၊ EPC၊ မြေစာရင်းဌာန၊ စိုက်ပျိုးရေးဌာန၊ ရဲဌာန၊ လဝက၊ မွေးကုဌာန၊ နတလ၊ ဆောက်လုပ်ရေးဌာန နှင့် ကျေးလက်ဌာန တို့ဖြစ်သည်။


ကျေးရွာ ဖွံ့ဖြိုးရေးအတွက်အဓိက ဦးဆောင်နေသူများမှာ အုပ်ချုပ်ရေးအဖွဲ့ နှင့်ဘာသာရေးအဖွဲ့ တို့ဖြစ်သည်။ ကျောင်း ကော်တီအဖွဲ့၊ လူထုဗဟိုပြုကော်မတီနှင့် ကျန်းမာရေးအဖွဲ့များ သည်ကျေးရွာ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင် ရာဖွံ့ဖြိုး စေရန်ဆောင်ရွက် နေသူများ ဖြစ်ကြကြောင်း ဆွေးနွေးခဲ့ကြသည်။ ကျန်အဖွဲ့များသည်လည်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တစ်တောင့်တစ်နေရာမှ ဆောင်ရွက်နေသူမျာုးဖြစ်ကြောင်းဆွေးနွေးခဲ့ကြသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့ သည် ပြင်ပမှာလာရောက်ချိတ်ဆက်သော ပညာရေးဌာန၊ မြို့နယ်ထွေအုပ်၊ ရဲစခန်း၊ လဝက၊ EPC၊ ကျန်းမာရေးဌာန နှင့် မြေစာရင်းဌာန တို့သည် ကျေးရွာအရေးကြီး သောအခန်းကဏ္ဍများ အားဆောင်ရွက် လျက် ရှိကြောင်းဆွေးနွေး ခဲ့ကြသည်။ ထို့အပြင် ရွာတွင်းရှိ အဖွဲ့အစည်းဖြစ်သော မြစိမ်းရောင်နှင့် လူထုဗဟိုပြုကော်မတီ တို့ သည် ကျေးလက်ဌာန နှင့်ချိတ်ဆက်ကာ ကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းများအားဆောင်ရွက် လျက်ရှိကြောင်း ဆွေး နွေး ခဲ့ကြသည်။

ဤကျေးရွာရှိအဖွဲ့အစည်းများသည် ကျေးရွာပြင်ပရှိအဖွဲ့အစည်းများ နှင့်ချိတ်ဆက်ကာကျေးရွာဖွံ့ဖြိုး တိုးတက် စေရန်ဆောင်ရွက်နေသည်ဟုသုံးသပ်မိပါသည်။

(ဆ)ကျေးရွာပြဿနာများ (အမျိုးသား/အမျိုးသမီး)

(ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး)





## အမျိုးသား/အမျိုးသမီး အခက်ခဲများသုံးသပ်ချက်

ပင်စင်ကျေးရွာ ရှိအမျိုးသားနှင့် အမျိုးသမီးတို့၏ တင်ပြသော အခက်ခဲများမှာ အောက်ပါအတိုင်းဖြစ်သည်။ ရွာတွင်းလမ်းမကောင်း သောကြောင့်သွားလာရခက်ခဲခြင်း၊ အစည်းအဝေး ခန်းမဆောင်မရှိသောကြောင့် ကျေးရွာလူထု အစည်းအဝေး ပြုလုပ်ရန်ခက်ခဲခြင်း၊ မူကြိုကျောင်းမရှိသောကြောင့် ကလေးများ အခြေခံပညာအားနည်းခြင်း၊ ကျောင်း အိမ်သာ မကောင်းသောကြောင့်ဆရာ/မများနှင့်ကျောင်းသား/သူများ ကျန်းမာရေးထိခိုက်ခြင်း ၊ကျောင်းမျက်နှာကျက် မကောင်းသောကြောင့်ကလေးများ ပူသောကာလတွင်စာသင်ကြားမှုအပေါ် အာရုံမစိုက်နိုင်ခြင်း၊ နှင့် အားကစားကွင်းမ ရှိသောကြောင့် ကျေးရွာလူထု အားကစား မပြုလုပ်နိုင်ခြင်းအစရှိသည့် အခက်ခဲပြဿနာ များရှိ ကြောင်း ဆွေးနွေး တင်ပြ ခဲ့ကြသည်။

အမျိုးသမီးများ တင်ပြလာသော အခက်ခဲများမှာ စာကြည့်တိုက်မရှိသောကြောင့် ကျေးရွာလူထု စာပေဗဟုသုတ အားနည်းခြင်း၊ ကျောင်းခြံစည်းရိုးမကောင်းသောကြောင့် ကျောင်းပတ်ဝန်းကျင်မသာယာခြင်း၊ သောက်သုံးရေ မလုံ လောက်သောကြောင့် ကျေးရွာလူထု သောက်သုံးရေရှားပါးခြင်း နှင့် ကျေးရွာတွင်ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာ ရေးကိစ္စများအရေးပေါ်ဖြစ်ခဲ့ပါက ကုသရန်ခက်ခဲခြင်းများရှိကြောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

အမျိုသားများသီးသန့် ဆွေးနွေးသော အခက်ခဲမှာမရှိပါ။ ဤကျေးရွာတွင် အမျိုးသမီးများ၏ တင်ပြချက်မှာ အလွန်များကြောင်းတွေ့ရသည်။ အမျိုးသမီးများ၏ မိမိကိုယ်ကို ယုံကြည်မှုတိုးလာစေရန် ၎င်းတို့၏ တင်ပြချက်များအား အလေးပေးဆောင်ရွက်ပေးသင့်သည်ဟု သုံးသပ်မိပါသည်။


## အမျိုးသား/အမျိုးသမီး မျှော်မှန်းချက်များ သုံးသပ်ချက်

ထဝါဒမ်းကျေးရွာ အား နောင်လာမည့် (၅)နှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးရွာလူထု၏ မျှော်မှန်းချက် မှာအောက်ပါ အတိုင်းဖြစ်သည်။

အမျိုးသားနှင့် အမျိုးသမီးတို့၏ မျှော်မှန်းချက်များမှာ ရွာတွင်းလမ်းကောင်းမွန်လာပါက သွားလာရအဆင်ပြေ လာမည်။ ခန်းမဆောင်ရရှိပါက ကျေးရွာလူထု အစည်းအဝေး ပြုလုပ်ရန် အဆင်ပြေလာမည်။ ရွာပိုင်မူကြိုကျောင်း ရရှိပါက ကလေးများ အခြေခံပညာကောင်းလာမည်။ အားကစားကွင်းကောင်း မွန်လာပါက ကျန်းမာရေးအတွက် အားကစား များ ပြုလုပ်လာနိုင်မည်။ ကျောင်းအိမ်သာကျောင်းမွန်လာပါ က ကျောင်းဆရာ/မ များနှင့် ကျောင်းသား/သူများ ကျန်းမာရေးထိခိုက်မှုမှ ကင်းဝေးလာမည် အစရှိသော မျှော်မှန်းချက်များအားတင်ပြခဲ့ကြသည်။

အမျိုးသမီးများ၏ မျော်မှန်းချက်များမှာ ကျောင်းခြံစည်းရိုးကောင်းမွန်လာပါက ကျောင်းပတ်ဝန်းကျင် သာယာလာမည်။ ကျောင်းမျက်နှာကျက် ကောင်းမွန်လာပါက ကလေးများပညာသင်ယူရာ အဆင်ပြေလာမည်။ စာကြည့်တိုက်ရရှိပါက ကျေးရွာလူ ထုစာပေဗဟုသုတများရရှိလာမည်။ သောက်သုံးရေလုံလောက်စွာရရှိပါက ကျေးရွာလူထု ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းမှ ကင်းဝေးမည် ဟူ သောမျှော်မှန်းများရှိကြောင်းဆွေးနွေးတင်ပြခဲ့ကြပါသည်။

(၅) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ




## ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများသုံးသပ်ချက်

ပင်စင်ကျေးရွာ၏ ဦးစားပေး အဆင့်သတ်မှတ်ထားသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

အဆင့်(၁) ရွာတွင်းလမ်းပြုပြင်၊

အဆင့်(၂) ခန်းမဆောင်တည်ဆောက်ရန်၊

အဆင့်(၃) မူကြိုကစားဆောင်တည်ဆောက်ရန်၊

အဆင့်(၄) ရေတွင်းပြုပြင်ရန်၊

အဆင့်(၅) အားကစားကွင်းပြုပြင်ရန်၊

အဆင့်(၆) ကျောင်းအိမ်သာပြုပြင်ရန်၊

အဆင့်(၇) ကျောင်းမျက်နှာကျက်ပြုပြင်ရန်၊

အဆင့်(၈) ဆေးပေးခန်းတည်ဆောက်ရန်၊

အဆင့်(၁) ရေစုကန် တည်ဆောက်ရန်၊

အဆင့်(၉) ကျောင်းခြံစည်းရိုးပြုပြင်ရန် နှင့်

အဆင့်(၁၀) စာကြည့်တိုက်တည်ဆောက်ရန်တို့ဖြစ်သည်။

ငှင်းအဆင့်များအရ ပင်စင်ကျေးရွာ၏ အဓိကအားဖြင့်ရွာတွင်းလမ်းသည် အလွန်အရေးပါပြီး အရေးကြီးလိုအပ်သောလုပ်ငန်းဖြစ်ပြီးကျန်သောလုပ်ငန်းခွဲများမှာ အရေးပေါ်လိုအပ်ခြင်းမရှိသေးသောကြောင့် ဦးစာပေးအဆင့်ရွေးချယ်ရာတွင် အမှတ်နည်းနေခြင်း ဖြစ် မည်ဟု သုံးသပ်မိပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁) (ဒုတိယနှစ်စက်ဝန်း)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ(Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦး အကူး ဒြီးဟန် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>098498752640 | | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ် ဘုံး ဥယာဟာ |
| ပြည်နယ်၊တိုင်းဒေသကြီး<br>ကချင်ပြည်နယ် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>ဆော်ချွန်ဒဲမ်း | ကျေးရွာ<br>ပင်ဆင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ရဝမ်--- | ၅၆ | ဘာသာ (၁) ------------ ခရစ်ယာန် | ၅၇ |
| လူမျိုးစု (၂) ကချင်-- | ၁ | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၇ | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ရဝမ် | ၁၆၅ | ၁၄၅ |
| လူမျိုးစု (၂)--ကချင် | ၂ | ၅ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၈ | ၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်း မာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☑ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီး ကျောင်း | ☐ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့ မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာ သည်၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါအတိုင်းဝိုင်းပါ)

ကျောက်ကြမ်းလမ်း　ကတ္တရာလမ်း　ကွန်ကရစ်လမ်း　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　မြေသားလမ်း　လူသွားလမ်း　အခြား ____________

(င) ကျေးရွာ ဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? **ရှိပါသည်**/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၁၃၉၂ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? **ပြုခဲ့ပါသည်**/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာ အဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၈ မိနစ် ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ)ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐မရှိပါ ☑ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

(ဇ) ကျေးရွာတွင်ဖွဲ့ စည်းထားသောအဖွဲ့ အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) UNDP

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာန (GAD) မှ မတ်တမ်း တငထ် ားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ရှိပါသည်

ကျေးရွာခေါင်းဆောင် ၁

အမည် ဦး ကျော် ဦး တင်

လက်မှတ် [signature] နေ့ ၂၄.၁၀.၂၀၁၉

လူထုစည်းရုံးရေးမှူး

အမည် ဒေါ် နား ဥယျာဉ်ပါ

လက်မှတ် [signature] နေ့စွဲ ၂၄.၁၀.၂၀၁၉

## ကျေးရွာအချက်အလက် (ပုံစံ-၁) (ပထမနစ်စက်ဝန်း)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ(Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦး အကူး ဒီးထခိုး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09428261628 | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ် နှား [illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး ကချင်ပြည်နယ် | မြို့နယ် ပူတာအို | ကျေးရွာအုပ်စု ဆာဂ်ရွမ်ဒမ်း | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ရဝမ်---- | ၅၅ | ဘာသာ (၁) ------------ ခရစ်ယာန် | ၅၆ |
| လူမျိုးစု (၂) ကချင်---- | ၁ | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -------------- | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၉ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ရဝမ်---- | ၁၆၁ | ၁၄၀ |
| လူမျိုးစု (၂) ကချင် | ၂ | ၄ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၇ | ၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်း မာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☑ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီး ကျောင်း | ☐ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့ မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊မ်းသမား | ☐ | |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာ သည်၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါအတိုင်းဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာ ဖွံ့ဖြိုးမှုစီမံချက်

(၁) ပြည်သူ့ဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?

ဝိုင်းပါ
(ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၀၉ /မသိပါ (မေမကျ)
(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်) /မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာ အဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၅ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်---၅ မိနစ်------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/

အခြား ------------------

(ဆ)ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐မရှိပါ ☐ (ရှိပါသည်) ရှိလျှင်ဖော်ပြပါ ---မုန်တိုင်းဒဏ်--------

(ဇ) ကျေးရွာတွင်ဖွဲ့ စည်းထားသောအဖွဲ့ အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --ရှိပါသည်-----------------

(၂) ရေဆွဲကျ ၁၀ရောက်မတိ

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာန (GAD) မှ မတ်တမ်း တငထ် ားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးဘကျင်ဒါးဖုံ

လက်မှတ် [signature] နေ့ ၆.၆.၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်နှားဥယော်

လက်မှတ် [signature] နေ့စွဲ ၆.၆.၁၇

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) (ဒုတိယနှစ်စက်ဝန်း)

ပုံစံ - ၈ - ၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဒူးခေါ်နိုင် | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စကဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - ပူတာအို | ကျေးရွာအုပ်စု ဆာရှဲဒွန်ဒင် | ကျေးရွာ ပုဗ်ဒင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့်လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၀-၂-၂၀၁၉ | ၂၀-၂-၂၀၁၉ | 17 | 32 | 49 | ရဝမ် - 48<br>ကချင် - 1 | 57 | 85.97% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၀-၂-၂၀၁၉ | ၂၀-၂-၂၀၁၉ | 17 | 32 | 49 | ရဝမ် - 48<br>ကချင် - 1 | 57 | 85.97% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၅-၃-၂၀၁၉ | ၅-၃-၂၀၁၉ | ၁၃ [illegible] | ၁၁ | ၂၄ | ရဝမ် - ၁၈<br>လီဆူ - ၆ | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | ၁၆/၃/၂၀၁၉ | ၁၆/၃/၂၀၁၉ | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့်အစည်းအဝေး | 18/4/2019 | 18/4/2019 | 13 | 20 | 33 | ကချင် - ၁<br>ရဝမ် - ၃၂ | 57 | 57.89% |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး အစီအစဉ်ရေးဆွဲခြင်း | 18/4/2019 | 18/4/2019 | 13 | 20 | 33 | ကချင်-၁ ရခိုင်-32 | 57 | 57.89% |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 18/4/2019 | 18/4/2019 | 13 | 20 | 33 | ကချင်-1 ရခိုင်-32 | 57 | 57.89% |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 18/4/2019 | 18/4/2019 | 13 | 20 | 33 | ကချင်-1 ရခိုင်-32 | 57 | 57.89% |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 18/4/2019 | 18/4/2019 | 13 | 20 | 33 | ကချင်-1 ရခိုင်-32 | 57 | 57.89% |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | |

ပုံစံ - စ -၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒော်နားဥယ်ဂါ | | | |
| နေ့စွဲ ၅.၆.၀၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - ပူတာအို | ကျေးရွာအုပ်စု ဆာဂျီးဒွမ် | ကျေးရွာ ပင်ဆင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | အိမ် | အိမ် |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့်လူမျိုးစုအမည် | ထောင်စုပေါင်း | ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၅.၆.၀၁၈ | ၅.၆.၀၁၈ | ၁၉ | ၂၄ | ၄၃ | ကချင် ၁<br>ရဝမ် ၄၂ | ၅၆ | ၇၇% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၆.၆.၀၁၈ | ၆.၆.၀၁၈ | ၂၁ | ၂၁ | ၄၂ | ကချင် ၁<br>ရဝမ် - ၄၁ | ၅၆ | ၇၅% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၆/၆/၀၁၈ | ၂၆/၆/၀၁၈ | ၁၉ | ၈ | ၂၇ | ရဝမ် ၂၁<br>လီဆူ ၆ | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့်အစည်းအဝေး | | | | | | - - - | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး အစီအစဉ်ရေးဆွဲခြင်း | | | | | | - | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) (ဒုတိယနှစ်စက်ဝန်း)

### ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဈော် ဒူး ဆာသို | | | |
| နေ့စွဲ ၂၀.၂.၂၀၁၉ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
| ကချင် | ပူတာအို | ဆာရိချမ်ဒမ်း | ပဇစဇ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ရွာတွင်း လမ်းမကောင်းသောကြောင့် ကျေးရွာလူထု သွားလာရ ခက်ခဲခြင်း | □ ကျား □ မ ☑ ကျား+မ |
| အစည်းအဝေး ခန်းမဆောင်မရှိသောကြောင့် ကျေးရွာလူထု အစည်းအဝေးပြုလုပ်ရန် ခက်ခဲခြင်း | □ ကျား □ မ ☑ ကျား+မ |
| မူကြိုဆောင်မရှိသောကြောင့် ကလေးများ အခြေခံပညာ အားနည်းခြင်း | □ ကျား □ မ ☑ ကျား+မ |
| ရေတွင်း မလုံလောက်သောကြောင့် သောက်သုံးရေ ရှားပါးသော အခက်ခဲ | □ ကျား ☑ မ □ ကျား+မ |
| ကျောင်းအိမ်သာမကောင်းသောကြောင့် ကျောင်းသူ/သား နှင့် ဆရာ/မ များ ကျန်းမာရေး ထိခိုက်ခြင်း | □ ကျား □ မ ☑ ကျား+မ |
| ကျောင်း မျက်နှာကျက် မကောင်းသောကြောင့် မိုးရွာသောကာလတွင် ကလေး စာသင်ကြားမှုအပေါ် အာရုံမစိုက်နိုင်ခြင်း၏ အခက်ခဲ | □ ကျား ☑ မ □ ကျား+မ |
| ကျေးရွာတွင်း ဆေးပေးခန်း မရှိသောကြောင့် အရေးပေါ်အခြေအနေတွင် ကုသရန် ခက်ခဲခြင်း | □ ကျား ☑ မ □ ကျား+မ |
| ကျောင်းခြံ စည်းရိုး မကောင်းသောကြောင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းမှု မရှိခြင်း၏ အခက်ခဲ | □ ကျား ☑ မ □ ကျား+မ |
| စာကြည့်တိုက်မရှိသောကြောင့် ကျေးရွာလူထု ဗဟုသုတနည်းပါးခြင်း။ | □ ကျား ☑ မ □ ကျား+မ |
| အားကစားကွင်း မကောင်းသောကြောင့် ကျေးရွာလူထု အားကစား ကောင်းစွာ မပြုလုပ်နိုင်ခြင်း။ | □ ကျား □ မ ☑ ကျား+မ |
| | □ ကျား □ မ □ ကျား+မ |
| | □ ကျား □ မ □ ကျား+မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|
| ရွာတွင်းလမ်း ကောင်းမွန်လာပါက ကျေးရွာလူထု ကောင်းစွာ သွားလာနိုင်မည်။ | ☐ ကျား ☐မ ☑ကျား+ မ |
| အစည်းအဝေး ခန်းမ ရရှိလာပါက ကျေးရွာလူထု အစည်းအဝေး ပြုလုပ်ရာတွင် အဆင်ပြေလာမည်။ | ☐ ကျား ☐မ ☑ကျား+ မ |
| ရွာပိုင်မူကြို ကျောင်းရရှိလာပါက ကျေးရွာရှိ ကလေးများ ပျော်ရွှင်စွာ ပညာသင်ယူနိုင်မည်။ | ☐ ကျား ☐မ ☑ကျား+ မ |
| ရေတွင်း / ရေကန် များရရှိလာပါက ကျေးရွာလူထု သောက်သုံးရေ ရရှိလာမည်။ | ☑ ကျား ☑မ ☑ကျား+ မ |
| အားကစားကွင်း ပြုပြင်ပေးပါက ကျန်းမာရေး အတွက် အားကစား များ ပြုလုပ်နိုင်မည်။ | ☐ ကျား ☐မ ☑ကျား+ မ |
| ကျောင်းဆောင် သာ လုံလောက်စွာ ရရှိပါက ကျောင်းသား/သူ နှင့် ဆရာ/မ များ ကျန်းမာရေး ကောင်းမွန်လာမည်။ | ☐ ကျား ☐မ ☑ကျား+ မ |
| ကျောင်း မျက်နှာကျက် ပြုပြင်ပေးပါက ကလေးများ ပညာသင်ယူရာတွင် အဆင်ပြေလာမည်။ | ☐ ကျား ☑မ ☐ ကျား+ မ |
| ကျေးရွာ ဆေးပေးခန်း ရရှိပါက မိမိရွာ အတွင်း ဆေးကုသနိုင်မည်။ | ☐ ကျား ☑မ ☐ ကျား+ မ |
| ကျောင်းခြံ စည်းရိုး ကောင်းမွန်လာပါက ကျောင်းပတ်ဝန်းကျင် သာယာလာမည်။ | ☐ ကျား ☑မ ☐ ကျား+ မ |
| စာကြည့်တိုက် ရရှိလာပါက ကျေးရွာလူထု စာပေဗဟုသုတများ ရရှိလာမည်။ | ☐ ကျား ☑မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ | ဦးစားပေး အဆင့်သတ်မှတ်ချက် | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | ကွန်ကရစ်ဘောင်ဖြင့် ရွာတွင်းလမ်း သဲကျောက်ခင်းခြင်း | အမျိုးသား+အမျိုးသမီး | လမ်း/တံတား | ၁ | 16800000 | ၁၆၇ | ၁၅၀ | ၃၁၇ |
| ၂ | အစည်းအဝေးခန်းမဆောက် | အမျိုးသား+အမျိုးသမီး | ကျေးရွာ အဆောက် အအုံ | ၂ | 21000000 | ၁၆၇ | ၁၅၀ | ၃၁၇ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃ | မူကြို ကျောင်း တည်ဆောက် | အမျိုးသား+အမျိုးသမီး | ပညာရေး | ၃ | 1000000 | ၁၆၇ | ၁၅၀ | ၃၁၇ |
| ၄ | ရေတွင်း ပြုပြင် | အမျိုးသမီး | ရေပေးရေး | ၄ | 6000000 | ၁၆၇ | ၁၅၀ | ၃၁၇ |
| ၅ | အားကစား ကွင်း ပြုပြင် | အမျိုးသား+အမျိုးသမီး | [illegible] | ၅ | 3000000 | ၁၆၇ | ၁၅၀ | ၃၁၇ |
| ၆ | ကျောင်း အိမ်သာ ပြုပြင် | အမျိုးသား အမျိုးသမီး | ပညာရေး | ၆ | 3000000 | ၁၆၇ | ၁၅၀ | ၃၁၇ |
| ၇ | ကျောင်း မျက်နှာကျက် ပြုပြင် | အမျိုးသမီး | ပညာရေး | ၉ | 5000000 | ၁၆၇ | ၁၅၀ | ၃၁၇ |
| ၈ | ဆေး ပေး ခန်း | အမျိုးသမီး | ကျန်းမာရေး | ၇ | 6000000 | ၁၆၇ | ၁၅၀ | ၃၁၇ |
| ၉ | ရေ စု ကန် | အမျိုးသား+အမျိုးသမီး | ရေပေးရေး | ၈ | 1800000 | ၁၆၇ | ၁၅၀ | ၃၁၇ |
| ၁၀ | ကျောင်း ခြံ စည်းရိုး | အမျိုးသမီး | ပညာရေး | ၈ | 1800000 | ၁၆၇ | ၁၅၀ | ၃၁၇ |
| ၁၁ | စာကြည့်တိုက် တည်ဆောက် | အမျိုးသမီး | အခြား အဆောက်အအုံ | ၉ | 6000000 | ၁၆၇ | ၁၅၀ | ၃၁၇ |
| ၁၂ | | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဝန်ထမ်း နေအိမ် ပြုပြင် | အမျိုးသမီး | [illegible] |
| ၂ | | | |
| ၃ | ဆပ်ပြာ သင်တန်း | အမျိုးသမီး | အသက်မွေး ဝမ်းကျောင်း |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ဦး အာကူး ဒိုးတန် လက်မှတ် [signature] နေ့စွဲ ၃၀ . ၉ . ၂၀၁၇

**ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) (ပထမနှစ်စက်ဝန်း)**

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နှာ ဂျူယံဂါ | | | |
| နေ့စွဲ စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) | □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း- ကချင် | မြို့နယ် ပူတာအို | ကျေးရွာအုပ်စု ဆာဂရွမ်အောင်း | ကျေးရွာ ပင်ဆိုင် |

 က။အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း-ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကအခက်အခဲအတားအဆီးများသည်မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းကြောင်းများမကောင်းသောကြောင့် သွားလာရေး ခက်ခဲသည်။ | ၁ | သန့်ရှင်းသောရေလုံလောက်မှုမရှိသောကြောင့် ကျန်းမာရေးခက်ခဲ ရှိသည်။ |
| ၂ | ရေကောင်းရေသန့် မရရှိသောကြောင့် ကျန်းမာရေးမကောင်းသော အခက်အခဲ ရှိခြင်း။ | ၂ | ရွာတွင်းလမ်းမကောင်းမှုကြောင့် သွားလာရေး ခက်ခဲသည်။ |
| ၃ | အစည်းအဝေးခန်းမဆောင်မရှိသောကြောင့် လူစုလူဝေးလုပ်ရာခက်ခဲသည် | ၃ | မူကြိုကျောင်းမရှိသောကြောင့် ကလေးသူငယ်ပညာရေးနှောင့်နှေးသည်။ |
| ၄ | ကျောင်းအိမ်သာမရှိသောကြောင့် ကလေးများ အခက်အခဲ ရှိသည်။ | ၄ | ခန်းမဆောင်မရှိသော ကြောင့် လူစုလူဝေးလုပ်ရာ အခက်အခဲ ရှိသည်။ |
| ၅ | မူကြိုကျောင်း မရှိသော ကြောင့် ကလေးသူငယ်ပညာရေး အားနည်း။ | ၅ | ကျောင်းအိမ်သာ လုံလောက်မှုမရှိသော ကြောင့် ကလေးများ အခက်အခဲ ရှိသည်။ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီး အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းကောင်းလာသော ကြောင့် သွားလာရာ လွယ်ကူလာမည် | ၁ | သန့်ရှင်းသော ရေလုံလောက်ပါက ကျန်းမာရေး ကောင်းလာမည်။ |
| ၂ | ရေကောင်းရေသန့် ရရှိလာပါက ကျန်းမာရေးကောင်းမွန် လာမည်။ | ၂ | ရွာတွင်းလမ်းကြောင်းများကောင်းမွန်ပါက ရွာသာယာလာမည်။ |
| ၃ | ခန်းမဆောင် ရှိသောကြောင့် အစည်းအဝေး ကျင်းပရာလွယ်ကူမည် | ၃ | မူကြိုကျောင်း ရှိပါက ကလေးသူငယ်ပညာရေးတိုးတက်လာမည်။ |
| ၄ | ကျောင်းတွင်း အိမ်သာ ရှိလာသော ကြောင့် ကလေးများ ကျန်းမာလာမည် | ၄ | ခန်းမဆောင် ရှိပါက အစည်းအဝေး ဆုံးဖြတ်ရာနေရာလွယ်ကူမည်။ |
| ၅ | မူကြိုကျောင်း ရှိသောကြောင့် ကလေးသူငယ်ပညာရေး ဖွံ့ဖြိုး လာမည်။ | ၅ | ကျောင်းအိမ်သာ လုံလောက်ပါက ကလေးများ ပျော်ရွှင်မည်။ |

ဂ။ လူထုစီမံကိန်း ၏ လာမည့် ( ၄နှစ်)အတွင်းအကျုံးဝင်သောဦးစားပေးဖွံ့ ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ အမျိုးသားများ / အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့် မှန်းခြေအရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းပြုပြင် | အမျိုးသား+အမျိုးသမီး | ၃၀၀၀၀၀၀၀. | ၃၀၇ |
| ၂ | ရေသုံးရေဝေးခန်းမတည်ဆောက် | အမျိုးသား+အမျိုးသမီး | ၈၅၀၀၀၀၀ | ၃၀၇ |
| ၃ | မူကြိုကျောင်းဆောက်လုပ် | အမျိုးသား+အမျိုးသမီး | ၉,၈၀၀,၀၀၀. | ၃၀၇ |
| ၄ | ရေတွင်းပြုပြင် | အမျိုးသမီး | ၅၀၀၀၀၀၀ | ၃၀၇ |
| ၅ | ကျောင်းစိမ်ဘာ | အမျိုးသား+အမျိုးသမီး | ၄၅၀၀၀၀၀ | ၃၀၇ |
| ၆ | ကျောင်းခြံစည်းရိုးပြုပြင် | အမျိုးသမီး၊ | ၃၄၃၀၀၀၀၀ | ၃၀၇ |

ဃ။ လူထုစီမံကိန်း၏ လာမည့်(၄)နှစ်အတွက်အကျုံးမဝင်သောဦးစာပေးဖွံ့ ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုး တက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဝန်ထမ်းအိမ်ရာ | အမျိုးသမီး | [illegible] |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးဘိုကျုံးဒိုးတန် ---- လက်မှတ် (signature) ---- နေ့စွဲ ၆.၆.၂၀၁၈

## ၁၁။ အစည်းအဝေးမှတ်တမ်းများ

အစည်းအဝေးကျင်းပသည့်နေရာ - ဘုရားကျောင်း(ပင်စင် ကျေးရွာ)
အစည်းအဝေးကျင်းပသည့်ရက်- ၂၀.၂.၂၀၁၉
အစည်းအဝေကျင်းပသည့်အချိန်- နံနက် ၉း၀၀ နာရီ မှ ညနေ (၄း၃၀) နာရီအထိ
တက်ရောက်သူဦးရေ- က(၁၇) ဦး + မ(၃၂)ဦး =(၄၉)ဦး

ရည်ရွယ်ချက် ။ ။ လူထုဗဟိုပြုစီမံကိန်းအကြောင်းမိတ်ဆက်ရန်၊ စေတနာ့ဝန်ထမ်းရွေးချယ်နိုင်ရန် နှင့် လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းပြုလုပ်ရန်။

အစီအစဉ် (၁) ကျေးရွာတာဝန်ခံမှ အဖွင့်အမှာစကားပြောကြားပေးခဲ့ပါသည်။

အစီအစဉ် (၂) စီမံကိန်းဝန်ထမ်းများမှ မိတ်ဆက်ခြင်းပြုလုပ်ခဲ့ပါသည်။

အစီအစဉ် (၃) စီမံကိန်းမိတ်ဆက် ၁၅ ချက်အားကျေးရွာလူထုများသိရှိစေရန် ဒေါ်ဒူးဆာနီ (CF) မှရှင်းပြပေးခဲ့ပါသည်။

အစီအစဉ် (၄) စီမံကိန်စက်ဝန်းအား ဒေါ်ငွါးဒူးဆာ( CF) မှ ရှင်းပြပေးခဲ့ပါသည်။

အစီအစဉ် (၅) စီမံန်ကိန်းတွင် အဓိကတာဝန်ရှိသူ နှင့် တာဝန်ဝတ္တရားများရှင်းပြပြီးနောက် စီ/ထောက်ကော်မတီဝင်များ လဲလှယ်ခြင်းများပြုလုပ်ခဲ့ရာ ကျေးရွာလူထု၏သဘောဆန္ဒအရ အချို့သာပြောင်းလဲကြပြီး ကျန်ရှိသော ဆပ်ကော်မတီတွင် ယခင် နှစ် ကော်မတီဝင်များအား ဆက်လက်ထမ်းဆောင်စေရန် သဘောတူခဲ့ကြသည်။

အစီအစဉ် (၆) လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းများပြုလုပ်ခဲ့ကြပါသည်။

အစီအစဉ် (၇) ကျေးရွာလူထု၏ပြဿနာအခက်အခဲ၊မျော်မှန်းချက်များနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆွေးနွေး ဖော်ထုတ်၍ဦးစားပေးအဆင့်သတ်မှတ်ခြင်းများပြုလုပ်ခဲ့ပါသည်။

အစီအစဉ် (၈) အကျိုးဝင်သောလုပ်ငန်း၊အကျိုးမဝင်သောလုပ်ငန်းနှင့်အကာကွယ်များအကြောင်းအား လက်ထောက်နည်းပညာမှူးမှရှင်းပြခဲ့ပါသည်။အစည်းအဝေးအားညနေ၄း၃၀နာရီတွင်အောင်မြင်စွာရုပ်သိမ်းနိုင်ခဲ့သည်။

မှတ်တမ်းတင်သူ- ဒေါ်ဒူးဆာနီ(CF)

## ၁၂။ ကဏ္ဍအလိုက် လုပ်ငန်းအချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ(အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦကဏ္ဍ (လမ်း/တံတား/ရေရရှိရေး/ မီးလင်းရေး) | ၁ | ကွန်ကရစ်ဘောင်ဖြင့်ရွာတွင်းသဲကျောက်လမ်းခင်းခြင်း | | | ✓ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၂ | ရေတွင်းပြုပြင် | | √ | | | | |
| | ၃ | ရေစုကန် | | | ✓ | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| လူမှုစီးပွားကဏ္ဍ (ပညာရေး/ ကျန်းမာရေးနှင့်ဆိုင်သော အဆောက်အဦများနှင့် အခြားလိုအပ်ချက်များ) | ၁ | မူကြိုကျောင်းတည်ဆောက် | | | ✓ | | | |
| | ၂ | ကျောင်းမျက်နှာကျက်ပြုပြင် | | √ | | | | |
| | ၃ | ဆေးပေးခန်းတည်ဆောက် | | √ | | | | |
| | ၄ | ကျောင်းအိမ်သာပြုပြင် | | | √ | | | |
| | ၅ | ကျောင်းခြံစည်းရိုးပြုပြင် | | √ | | | | |
| သက်မွေးဝမ်းကြောင်းကဏ္ဍ (စိုက်ပျိုးရေး/ မွေးမြူရေးနှင့်ဆိုင်သော အဆောက်အဦများ နှင့်အခြားလိုအပ်ချက်များ) | ၁ | ဆပ်ပြာသင်တန်း | | √ | | | | |
| | ၂ | ဝန်ထမ်းနေအိမ်တည်ဆောက်ရန် | | √ | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ် လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသောလုပ်ငန်းများ) | ၁ | ခန်းမဆောင်တည်ဆောက်ရန် | | | ✓ | | | |
| | ၂ | အားကစားကွင်းပြုပြင် | | | ✓ | | | |
| | ၃ | စာကြည့်တိုက်တည်ဆောက်ရန် | | | √ | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |